

# မိုးကုတ်ဝိပဿနာ

## ပဏာမအရသာ တရားများ

ကျေးဇူးတော်ရှင်မိုးကုတ်ဆရာတော်ဘုရား၏
ဥပနိဿယအတိုင်းရေးသားထုတ်ဝေသည်

ကျေးဇူးတော်ရှင်

မဟာထေရ် မိုးကုတ်ဆရာတော်ဘုရားကြီး၏

တရားဒေသနာများမှ ကောင်းနှုတ်ချက်များ

# မိုးကုတ်ဝိပဿနာ

ပဉ္စမ အရသာ တရားများ


( ဒုတိယအကြိမ်ရိုက်နှိပ်ခြင်း )

အုပ်ရေ ( ၆၀၀၀ )   အဘိုး ၅၀ ပြား။

မိုးကုတ်ဝိပဿနာ တရားစဉ်နှင့်လုပ်ငန်းစဉ်ပြန့်ပွားရေး

အဖွဲ့ချုပ်မှ ထုတ်ဝေဖြန့်ချိသည်။

ဘာသာရေးဆိုင်ရာ စာပေခွင့်ပြုချက်
အမှတ် (၆၈၆၁)

ထုတ်ဝေသူ
ဦးတင်အောင်၊ ကင်းလွတ်ခွင့်အမှတ် (၀၂၂၈၀)
မိုးကုတ်ဝိပဿနာ ပြန့်ပွားရေးအဖွဲ့ချုပ်
အမှတ် ၈၂·နတ်မောက်လမ်း၊ ရန်ကုန်မြို့။

ဒုတိယအကြိမ်ရိုက် အုပ်ရေ (၆၀၀၀)
၁၉၇၄-ခု အောက်တိုဘာလ
တန်ဖိုး ၅၀·ပြား။

---

ပုံနှိပ်သူ
ဦးတင်၊ မယာဂိပုံနှိပ်တိုက် မှတ်ပုံတင်အမှတ် (၀၀၃၇)
အမှတ် ၂၄၃·လွှစ္စလမ်း၊ ရန်ကုန်မြို့တွင်ရိုက်နှိပ်သည်။

# စိတ္တာနုပဿနာ ရှုပွားနည်း

| | |
|---|---|
| ၁။ မြင်စိတ်<br>၂။ ကြားစိတ်<br>၃။ နံစိတ်<br>၄။ စားစိတ်<br>၅။ ယားနာ ကောင်းစိတ် | အပြင်ဧည့်သည် ၅-ယောက် |
| ၁။ လောဘစိတ်<br>၂။ ဒေါသစိတ်<br>၃။ မောဟစိတ်<br>၄။ အလောဘစိတ်<br>၅။ အဒေါသစိတ်<br>၆။ တွေးစိတ်-တောစိတ် | အတွင်းဧည့်သည် ၆-ယောက် |
| ၁။ လေကိုထုတ်သောစိတ်<br>၂။ လေကိုသွင်းသောစိတ် | အိမ်သည်စိတ် ၂ ခု |

သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ၊ သမ္မာဝါယမ၊
သမ္မာသတိ၊ သမ္မာသမာဓိ၊

၎င်း (၅) ခုသည် ရှုတတ်သော တရားများဖြစ်၏။
ရှုပုံနည်းစံနစ်မှာ အိမ်သည်ကို အမြဲထား၍ ဖြစ်ချက်ရှုပါ၊
အိမ်သည်မပေါ်ပါကအပြင်ဧည့်သည်ပေါ်လျှင်အပြင်ဧည့်သည်
အတွင်းဧည့်သည်ပေါ်လျှင်အတွင်းဧည့်သည်ပေါ်ရာကိုရှုပါ၊
ဧည့်သည်မပေါ်ပါက အိမ်သည်ကို အမြဲထား၍ရှုပါ။

ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ဘုရားကြီး၏ ဟောတော်မူသောတရားများမှထုတ်နှုတ်၍ဝိပဿနာယောဂီများအကျိုးငှာ ထုတ်နှုတ်ဝေငှပါသည်။

မိုးကုတ်ဝိပဿနာတရား၏

# ပဏာမ အရသာ

တရားအားထုတ်တယ်-ဟာရားအားထုတ်တယ်ဆိုကြပေမဲ့ခန္ဓာဉာဏ်ရောက်မှုမရှိဘဲ တရား အားထုတ်နေရုံနှင့် လိုရင်း မပါဘူးဟု ဆိုရပေမည်။ ဒါကြောင့် ခန္ဓာဉာဏ်ရောက်မှုသည်အဓိက ဖြစ်သည်၊ ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ကြီးကဲ့သို့သော သစ္စာနှင့် ပဋိစ္စသမုပ္ပါဒ်ဖြတ်လမ်းကို ဟောကြားသော ဆရာကောင်း - လမ်းညွှန်ကောင်း၏ ဥပနိဿယကို ကြားနာမှုရမှသာလျှင် ခန္ဓာဉာဏ်ရောက်ဘို့ လွယ်ကူပေလိမ့်မည်။

အလုပ်တရားစ,ယင် ခန္ဓာကိုယ်ကြီးဟာ တရားဘဲ၊ ခန္ဓာကြီးဟာ အရင်းခံဘဲ၊ သစ်ပင်ကြီး၏ ဥပမာကဲ့သို့ပင် ဖြစ်တယ်။ အပွေးလဲ ၎င်းမှာပင် ရှာ၍ရနိုင်သည်။ အခေါက်, အကာ, အသား, အနှစ်, အသီး, အပွင့်, ဝတ်မှုန်, ဝတ်ဆံ,အရွက်,အခက် အလက်စသည်ဖြင့် အစုံအလင် ၎င်းမှာ ရှာ၍ရနိုင်သလိုခန္ဓာကြီးဟာသဲ ပင်မကြီးပင်ဖြစ်တယ်။ ရုပ်ဆိုတာလဲ သူဘဲ, ဝေဒနာဆိုတာလဲ့ သူဘဲ, သညာဆိုတာလဲ သူဘဲ, သင်္ခါရဆိုတဲ့ စေတနာကံတွေလဲ့ သူဘဲ, ဝိညာဏ်ဆိုတဲ့စိတ်ဆိုတာလဲသူဘဲ,သုခဆိုတာလဲ

သူဘဲ့, ဒုက္ခဆိုတာလဲသူဘဲ့, ဒွါရခြောက်ပါးဆိုတာလဲ့ သူဘဲ့, ဒွါရခြောက်ပါးမှာ ပေါ်လေသ၍ သူ့မို၍ ပေါ်တာချည့်ဘဲ၊ အနိစ္စ,ဒုက္ခ,အနတ္တ တရားတွေဟဲ သူ့အပေါ်မှာ ပေါ်တာဘဲ၊ ၎င်းမှဖြာ၍ ထွက်တဲ့တရားတွေချည့်ပါဘဲ၊ ဒါကြောင့် မြတ်စွာဘုရားသည်လည်းအလုပ်တရားဟောယင် ခန္ဓာကြည့်ဟောတော်မူတာဘဲ၊ ဒါကြောင့် တရားရှာ ခန္ဓာတွေ့တယ်ဟု ဟောယော်မူခြင်းဖြစ်တယ်။ ခန္ဓာရှိလျက်သားနဲ့ တရားမရှာတတ်လို့၊ တရားရှိလျက်သားနဲ့ တရားမရှာတတ်လို့၊သုဘဝါအရိယာသာဝကောထံမှ တရားနာမှုသည် ပညာမျက်လုံးမရသေးလို့ ပညာမျက်လုံးလာယူတယ်ဟု မှတ်ပါ၊ ပညာမျက်လုံးနဲ့ ခန္ဓာကိုယ်ကြည့်ရမှာ၊ ခန္ဓာကြည့်တော့ ခန္ဓာ၏ ပင်ကိုယ်သဘောကို ခန္ဓာကပြောလိမ့်မည်။ သူပြော - လူ့ပြောမယ့်နဲ့ ခန္ဓာကပြောတာ အမှန်ယူ၊ ခန္ဓာကပြောတာ အမှန်ယူတော့ ခန္ဓာဉာဏ်ရောက်သွားသည်။ ခန္ဓာအမှန်သိမှ ယထာဘူတဉာဏ်ကို ရနိုင်သည်။ ခန္ဓာအမှန်သိအောင်လဲ ပဋိစ္စသမုပ္ပါဒ်သိမှ ခန္ဓာ၏ဖြစ်စဉ်ကို သိမည်။ ခန္ဓာဘယ်ကစ,သလဲ၊ ဘယ်နေရာကနေပြီး ဆက်သလဲဆိုတာ သိဘို့အရေးကြီးတယ်၊ ဒီလိုမှ မသိယင် ရမ်းရှု - မှန်းရှုဖြစ်လိမ့်မည်။ ခန္ဓာကြီးဟာ ပဋိစ္စသမုပ္ပါဒ်လို့ မှတ်ပါ၊ ခန္ဓာကြီးဟာ ပဋိစ္စသမုပ္ပါဒ်အစဉ်အတိုင်း ဖြစ်နေတဲ့ ခန္ဓာလို့မှတ်ပါ။ ပဋိစ္စသမုပ္ပါဒ်ဆက်နေတာသည် ခန္ဓာကိုယ်ကြီး။ ပဋိစ္စသမုပ္ပါဒ် ပြတ်တာသည် နိဗ္ဗာန်ခေါ်သည်။

မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာမှာ ပဋိစ္စသမုပ္ပါဒ်ပြတ်တဲ့တရားတွေချည့် နေ့စဉ်နှင့်အမျှ၊ ကျေးဇူးတော်ရှင် ဆရာတော်ကြီး၏

အသံသွင်းတရားတွေ ဖွင့်လှစ် ဟောကြားနေသည်။ ထိုပဋိစ္စ သမုပ္ပါဒ် ပြတ်လိုသူတိုင်း လာရောက်ရှုနားကြားနိုင်ပါသည်။

### မိုးကုတ်ဝိပဿနာတရား၏

# ပဏာမအရသာ

အလုပ်တရားဆိုတာ ခန္ဓာကပြောတာ အမှန်ယူရမယ်။ အနိစ္စ လက္ခဏာမြင်ယင် ပွားများနေတာဘဲ၊ သားသမီးများကို မျက်ခြေမပြတ် စောင့်ကြည့်သလို ခန္ဓာက ဖေါက်ပြန် ပျက်စီးနေတာကို စောင့်ပြီးကြည့်ရမှာ၊ ခန္ဓာနဲ့ဉာဏ် တည့်ဘို့အရေးဟာ အကြီးဆုံးအရေးဘဲ။

ဝိပဿနာအလုပ်-လုပ်တယ်ဆိုတာ တမင်ရှာပြီး လုပ်နေရတာ မဟုတ်ပါဘူး၊ ကိုယ့်ခန္ဓာကိုယ်ကြည့်ရုံပါဘဲ၊ ကြည့်တော့ ဖေါက်ပြန်ပျက်စီးနေတာ အမျိုးမျိုးခန္ဓာမှာ တွေ့ရမှာဘဲ၊ ခန္ဓာအရှိကို ဉာဏ်အသိနဲ့ကိုက်ယင် ယထာဘူတဉာဏ်, ဟုတ်တိုင်းမှန်စွာသိတဲ့ ဉာဏ်, နိဗ္ဗာန်ဆိပ်ဦး ရောက်ပြီလို့ ဆိုနိုင်တယ်၊ တစ်အရှိနဲ့ နှစ်အသိနဲ့ကိုက်ယင် မဂ်ဘဲ၊ အလုပ်စဉ်ကြည့်ချင်ယင်မှတ်ဘမ်းကြည့်၊ အလုပ်ကြည့်ချင်ယင် ခန္ဓာကိုကြည့်၊ တရားထိုင်ရတာမကောင်းဘူးဆိုယင် ဖြစ်ပျက်နဲ့ မဂ်ကြားမှာ တပါးသောတရား ကြားခိုနေတယ်လို့မှတ် - ခန္ဓာဆိုတာ မေ့ဘဲ၊ ထိုခန္ဓာမေ့က ပြတာကို ကိုယ့်ဉာဏ်ကမြင်လို့၊ ခန္ဓာက အနိစ္စကို ပြလို့ အနိစ္စဉာဏ်၊ ဒုက္ခကိုပြလို့ ဒုက္ခဉာဏ်၊ အနတ္တကိုပြလို့ အနတ္တဉာဏ် ဖြစ်သွား

တယ်၊ ဓမ္မနဲ့တည့်တဲ့ဉာဏ်သာလျှင် ပဋိစ္စသမုပ္ပါဒ်ပြတ်တဲ့ဉာဏ်၊ ကိုယ့်ဟာကိုယ် လုပ်ယူလို့ ရတဲ့ဉာဏ်မဟုတ်ဘူး၊ ကိုယ့်ဟာကိုယ် လုပ်ယူတဲ့ဉာဏ်ဆိုယင် ပဋိစ္စသမုပ္ပါဒ်က ပြတ်ကိုမပြတ်ဘူး။

အနိစ္စ, ဒုက္ခ, အနတ္တဆိုတာ ( ဝါ ) ဖြစ်ပျက်ဆိုတာ ကိုယ့်ပါးစပ်ကဖြစ်တာမဟုတ် ဓမ္မကပြတာ၊ ဓမ္မကပြောတာ၊ ကိုယ်က လုပ်ယူတဲ့အနိစ္စမဟုတ်၊ ဖြစ်ပျက်မဟုတ်၊ ဓမ္မကပြတဲ့အနိစ္စ (ဝါ) ဖြစ်ပျက်၊ အဲဒါမှဖြစ်ပျက်ဉာဏ်။

အရေးကြီးတာက ခန္ဓာထဲ ဉာဏ်သွင်းဘို့ဆိုတာ မှတ်ကြစမ်းပါ၊ ခန္ဓာထဲ ဉာဏ်သွင်းတာ အလုပ်ခွင်ဝင်တာဘဲ၊ ဉာဏ်သွင်းတယ်ဆိုတာ ကမ္မဿကတ ဉာဏ်လောက် သွင်းလို့မရဘူး၊ ဒါလောက်နဲ့ဆိုယင် အရိုးကြီးပွားရေးဘဲ၊ ဘာဉာဏ်နဲ့ သွင်းရမလဲဆိုယင် သစ္စာနုလောမိကဉာဏ် သွင်းရမယ်၊ သစ္စာနုလောမိကဉာဏ်ဆိုတာ သစ္စာနဲ့လျော်တဲ့ဉာဏ်ပါဘဲ၊ သစ္စာတခြား၊ အနိစ္စတခြားလို့ မမှတ်ပါနှင့် ( ဝါ ) သစ္စာတခြား၊ ဖြစ်ပျက်တခြား မမှတ်ပါနှင့်၊ ဖြစ်ပြီး ပေါက်ပြန်ပျက်စီးနေတာသည် ဒုက္ခသစ္စာ ချည့်သာမှတ်ပါ၊ အချို့က ဒုက္ခသစ္စာသိမှ တရားအားထုတ်ရမယ်ဆိုတော့ ဒုက္ခသစ္စာဆိုတာ လွယ်လွယ်နှင့် ဘယ်သိနိုင်ပါမလဲ ဆိုပြီး ဆင်ခြေပေးနေကြသူတွေ များစွာရှိသည်၊ သို့အတွက် .... ဖြစ်ပျက်ရှုနေတာသည် ဒုက္ခသစ္စာကို သိ-သိနေခြင်း ဖြစ်သည်ဟု ဆုံးဖြတ်ချက် ချနိုင်ပါသည်၊ ဖြစ်ပြီး ပျက်နေတဲ့ သဘောသည် ပေါက်ပြန် ပျက်စီးနေတဲ့ သဘောသည် သုခလား... ဒုက္ခလား ဟူ၍သာ မိမိကိုယ်ပိုင်ဉာဏ်နှင့် ချင့်ချိန် စဉ်းစား ဝေဘန်၍ ကြည့်ပါ။

အခါ့ရှိ.က ဒီမိုးကုတ်ရိပ်သာမှာလာပြီး တရားနာနေရတာ တခါလာလဲဖြစ်ပျက်၊ တခါလာလဲ့ ဖြစ်ပျက်ချည့် ဟောနေတာဘဲဟု ပြောချင်ပြောကြပါလိမ့်မယ်၊မိမိတို့သန္တာန်မှာဖြစ်ပြီး ပျက်တဲ့ ဓမ္မကလဲ့ပြီး မဖြစ်မပျက်တဲ့ သဘောတရားများ ရှိပါရဲ့ လားဟု ဆင်ခြင်၍ကြည့်ကြစေလိုပါသည်၊ဖြစ်ပျက်ရှုလျက်မမြင် ကြ၍ ဆရာတော်ကြီး၊ ဤမျှ ဟောကြားတော် မူနေရပါသည် ယောဂီအပေါင်းတို့....။

ဗုဒ္ဓသာသနာတော်၌ ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်သည်

## အရေးအကြီးဆုံးဖြစ်ကြောင်း

ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်သည် ဤ ဗုဒ္ဓရှင်တော်မြတ် ဘုရား၏ သာသနာ၌ အလွန်အရေးကြီးသော တရားတော်ဖြစ် သည်ကို မြတ်စွာဘုရားသခင် ကိုယ်တော်တိုင် ဖွင့်ဟ၍ ဥဒါန်း ကျူးရင့်တော်မူကြောင်း သုတ်မဟာဝဂ္ဂပါဠိတော် မဟာနိဒါန သုတ်၌....

ယဒါ ဟဝေ ပါတုဘဝန္တိ ဓမ္မာ၊
အာတာပိနော ဈာယတော ဗြာဟ္မဏဿ။
အထဿ ကင်္ခါ ဝပယန္တိ သဗ္ဗာ၊
ယတော ပဇာနာတိ သဟေတုဓမ္မံ။

အစချီသော ဂါထာတော် ၃ - ပုဒ်ဖြင့် ပဋိစ္စသမုပ္ပါဒ်ဖြစ် ကြောင်း သိသဖြင့်၎င်း၊ ပဋိစ္စသမုပ္ပါဒ် ချုပ်ကြောင်း သိသဖြင့်

ရှင်း၊ ဘုရားဖြစ်တော်မူသည်ဟု ဗုဒ္ဓရှင်တော်မြတ်ဘုရား ကိုယ်တော်တိုင် ဝန်ခံတော်မူခြင်း၊ ရှင်းပြင်မူလပဏ္ဏာသ ပါဠိတော်မှာလည်း "ယော ပဋိစ္စသမုပ္ပါဒံ ပဿတိ၊ သော ဓမ္မံ ပဿတိ" ပဋိစ္စသမုပ္ပါဒ် ဒေသနာကို သိမြင်လျှင် တရားတော်ကို သိမြင်သည်ဟု ဟောတော်မူပါသည်။

ဘဝကူးသည်၊ ဘဝပြောင်းသည်စသဖြင့် သို့လော-သို့လော တွေးတောယုံမှားကြသည်မှာ တပြည်လုံးလိုလိုပင် ဖြစ်နေသည် ဆိုလျှပ် မှားမည်မဟုတ်ပါ။ ထိုသို့... သို့လော-သို့လော-တွေးတော ယုံမှားမှုများမှာ ပဋိစ္စသမုပ္ပါဒ် တရားသဘောကို နားမလည်၍သာလျှင် ဖြစ်သည်ဟု ဆိုရပါမည်။

သမ္မောဟဝိနောဒနီ-အဋ္ဌကထာကျမ်း၌လည်း ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်ကို သင်ကြားခြင်း၊ နာကြားခြင်း၊ ကြံစည်ခြင်း၊ ကျင့်ခြင်းမှလွဲ၍ တပါးသော၊ အထူးသဖြင့် ပြုသင့်သော ကိစ္စသည် မရှိဟူ၍ ဖွင့်ပြတော်မူသည်။

တေသံ = ထိုပဋိစ္စသမုပ္ပါဒ်တရား၌၊ ပရိယတ္တိသဝန စိန္တန ပဋိပတ္တိက္ကမ ဝိဝဇ္ဇိတာနဉ္စ = သင်ကြားခြင်း, နာကြားခြင်း, ကြံခြင်း, ကျင့်ခြင်းအစဉ်မှ ကင်းကုန်သော ပုဂ္ဂိုလ်တို့အား၊ ဉာဏပ္ပဘေဒေါ=ဉာဏ်အထူးသည်၊ကဒါစိ—တရံတဆစ်မျှလည်း ယသ္မာ=အကြင်ကြောင့်၊နဟောတိ=မဖြစ်၊ တသ္မာ=ထို့ကြောင့် မိုရော=ပညာရှိသည်၊ တတ္ထ=ထိုပဋိစ္စသမုပ္ပါဒ်တရား၌၊ သဒါ= အခါခပ်သိမ်း၊ ပရိယတ္တိ သဝန စိန္တန ပဋိပတ္တိက္ကမတော = သင်ခြင်း,နာခြား,ကြံခြင်း,ကျင့်ခြင်းအစဉ်ဖြင့်၊ကယိရာ=ပြုရာ၏

ဟိတာဒေဝ သစ္စံ=ထိုစကားမှန်၏၊ တတော=ထိုပဋိစ္စသမုပ္ပါဒ်၌ သင်ခြင်း, နာခြင်း, ကြံခြင်း, ကျင့်ခြင်းကိုစွထက်၊ အညံ=တပါး သော၊ ကရဏီယတရံ=အထူးသဖြင့် ပြုသင့်သော ကိစ္စသည်၊ နအတ္ထိ=မရှိ။

ထို့ကြောင့် ... ပညာဉာဏ် အသိတရား ရှေ့သွားပြု၍ ဗုဒ္ဓနွယ်ဝင် သူတော်စဉ်အပေါင်းတို့သည် ဤမျှ သာသနာ တော်၌ အရေးပါလှသော တရားတော်ကို သင်ကြားခြင်း၊ နာယူခြင်း၊ လေ့လာခြင်း၊ ကြံစည်ခြင်း၊ ကျင့်ကြံခြင်းစသော အလုပ်များကို မိမိကိုယ်ကျိုးမျှ သက်သက်ဟူ၍ နှလုံးသွင်းပြီးလျှင် မနာယူမသင်ကြားရသေးသော ပုဂ္ဂိုလ်များ နာယူသင်ကြားလေ့လာ တော်မူကြပါကုန်ဟူ၍ သူတော်စင် အပေါင်းတို့အား နှိုးဆော် တိုက်တွန်းအပ်ပါသတည်း။

မိုးကုတ်ဆရာတော်ဘုရားကြီး၏ အရိယာမြင် - သစ္စာတရားများ

# ပဏ္ဍာမ တရားအရသာများ

ကုသိုလ်ဝစ်ကိုရအောင်ရှာပါ....

တရားနာတယ်ဆိုတာ မတရားလုပ်တာ ကာကွယ်တာဘဲလို့ မှတ်ကြပါ။ မတရားတွေ ကာကွယ်တယ်ဆိုတာ တခြားမဟုတ် ပါဘူး၊ တနေ့လုံးဟာ လူတွေမှာ လောဘတွေ၊ ဒေါသတွေ၊ မောဟတွေ၊ ဣဿာတွေ၊ မစ္ဆရိယတွေ၊ မာနတွေ၊ ဒါတွေက

မျှားပြီးနေလို့ တရားဟူသော "မဂ္ဂင်" ရေနဲ့ ဆေးမှုစင်ကြယ်မှုာမို့ မဂ္ဂင်ရေနဲ့ ဆေးကြောတဲ့ အလုပ်ကို လုပ်ရတယ်လို့ မှတ်ထားပါ။

ဘာကြောင့်လဲဆိုတော့ ကုသိုလ်လုပ်တယ်၊ လှူတယ်, 'တန်းတယ်၊ ပေးတယ်,ကမ်းတယ်၊ သူက ကုသိုလ်၊ ကုသိုလ်တခြားဘဲ။

အကုသိုလ်လုပ်တော့ အကုသိုလ်တခြားဘဲ၊ တခုနဲ့တခု ဖြတ်နိုင်တဲ့ စွမ်းရည်သတ္တိမရှိဘူး၊ "မဂ်" ကတော့ဖြင့် အတိတ်က ပါလာတာဖြစ်စေ၊ပစ္စုပ္ပန်-ဒီဘဝ'မိုက်မဲတာတွေ၊အပါယ်လေးပါးခန္ဓာနဲ့ ကျေးမဆပ်ရသေးတာတွေဟူသ၍ "မဂ်"တခုက အနိုင်ဆုံးဘဲ။

ဒါ့ကြောင့်.... ဘုရားသခင် ကိုယ်တော်မြတ်ကြီး ဟောတာကြည့်မ၊ ( ကုသလံ ကုသလံ ဇဟံ ) ကုသိုလ်, အကုသိုလ်တွေစွန့်လိုက်ပြီ၊ ဘာကြောင့်... ဒီအသံ ထွက်လာပါလိမ့်- မေးယင် အို....ကုသိုလ်ပေမဲ့ ဘုံဘဝ အကျိုးပေမဲ့ ကုသိုလ်တွေဆိုတော့ ဇာတိ,ဇရာ,မရဏတွေ လာအုံးမှာပေါ့၊ သုဂတို့, ဇာတိ, ဇရာ, မရဏ လာအုံးမှာ၊ ဒါတွေမစွန့်ယင် ဒုက္ခသစ္စာ အဆက် ပြတ်ပါ့မလား။

ဩော်....ကုသိုလ်ဆိုပေမဲ့ ကြောက်စရာကုသိုလ်တွေ ရှိသေးသကိုး

ကုသိုလ်ဆို အကောင်းချည့်ဘဲဆိုယင် "မဂ်"ဟာ ဟောစရာမလိုတော့ဘူး၊ ကုသိုလ်ဆိုပေမဲ့ ဇာတိ, ဇရာ, မရဏ, ကျေးဇူးပြုတဲ့ ကုသိုလ်ကျတော့ ဒါ-ကုသိုလ်ကောင်း ကုသိုလ်စစ်သို့မဆိုနိုင်၊ ဇာတိ,ဇရာ,မရဏကို ဒုက္ခသစ္စာလို့ ပဋိစ္စသမုပ္ပါဒ်နဲ့ ဓမ္မစကြာမှာပါနေတယ်၊ သစ္စာသိတဲ့ ပုဂ္ဂိုလ်က ဘယ်နည်းနဲ့မှ မကြိုက်ဘူး၊

သစ္စာမသိသေးတဲ့ ပုဂ္ဂိုလ်ကတော့ ကုသိုလ်ဆို အကုန်ကြိုက် ဖြစ်နေတယ်၊ ဒါ-ကုသိုလ် ပယ်တာလား ဆိုတော့ ပယ်တာမဟုတ်ပါဘူး၊ အကောင်း-အဆိုးရွေးတာ။

ကုသိုလ်တိုင်း ကောင်းတယ်လို့ အကုန်ယူလို့ မရဘူး၊ ဘုရားကြိုက် ကုသိုလ်က ( အကာဏှ သုက္က) ဖြစ်တဲ့ ကုသိုလ်သာ ကြိုက်တယ်၊ ဖြူစင်တဲ့ ကုသိုလ်ဆိုငြားသော်လဲ ကာမာဝစရကုသိုလ်တွေ ဖြစ်နေတော့ ကာမဘုံတွေ ရှောက် အကျိုးပေးနေတော့ ကြိုက်ပါ့မလား၊ လူ့ပြည်၊ နတ်ပြည်၊ ဗြဟ္မာ့ပြည် အကျိုးပေးနေပြန်တော့ ဇာတိ,ဇရာ,မရဏ,သောက,ပရိဒေဝ,ဒုက္ခ, ဒေါမနဿ လွတ်ပါ့မလား၊ နတ်ဘဝ, ဗြဟ္မာ့ဘဝ ဆိုငြားသော်လဲ ပြောသံကြားကောင်းနဲ့ ကြိုက်နေကြတာပါ၊ သူ့အထဲမှာ အတွင်းသားခွာလိုက်တော့ ဇာတိ, ဇရာ, ဗျာဓိ, မရဏ, ဒုက္ခ သစ္စာတွေပါနေတယ်။

လိုချင်တာက ချမ်းသာ၊ ရတာက ဆင်းရဲ ဆယ့်တပါး....၊ ဘာ့ကြောင့်....ဒီဆင်းရဲတွေရဘို့ ဒီကုသိုလ်တွေ လုပ်ဖြစ်ပါလိမ့်မတုံးမေးယင် သစ္စာမသိလို့လုပ်တာ၊ သစ္စာမသိလို့မှားလိုက်တာ သစ္စာသိတဲ့ပုဂ္ဂိုလ်ကျတော့ဒီဒုက္ခဝဋ်မှကျွတ်ရပါလို၏၊လာလတံ့သော ဒုက္ခဝဋ်ကြီးကို ကြောက်လွန်းလို့၊ ရွံလို့၊ မုန်းလို့ ဆိုပြီး သစ္စဉာဏ်နဲ့လုပ်တဲ့အခါကျတော့ ဝိဝဋ္ဋ။ ဝဋ်မှ ကျွတ်တဲ့ကုသိုလ်ဖြစ်သွားတယ်(နိဗ္ဗာနဿ ပစ္စယော ဟောတု)ဆိုပြီးလုပ်ကောင်းတာပါဘဲ ဆိုငြားသော်လဲ ပြောသံကြားသာကောင်းတာ ကိုယ့်အမြင်က နောက်ခန္ဓာ ကြိုက်နေလို့ရှိယင် လွဲတာဘဲ၊ ကိုယ့်

အမြင်က နောက်ခန္ဓာမကြိုက်ပါမှ တရားမှန်-တရားစစ်၊ ကုသိုလ်စစ်၊ ကုသိုလ်မှန် မှတ်ပါ၊ ကိုယ်ခန္ဓာ ဒုက္ခ သစ္စာကို ကိုယ်တိုင်သိပြီးလုပ်ပါ။

"ဗုဒ္ဓဘာသာဆိုပြီး သစ္စာမသိတာ အနာဆုံးပါဘဲ"

ကျေးဇူးတော်ရှင် မိုးကုတ် ဆရာတော်ဘုရားကြီး၏
ခန္ဓာဥာဏ်ရောက် တရားဟောစဉ် အမှတ် (၁၆)မှ
ကောက်နုတ်ချက်များ

# ပဏ္ဍာမ အရသာများ

၁။ လူရယ်လို့ ဖြစ်လာယင်ဖြင့် အိမ်ထောင်ရက်သားနဲ့နေဘို့ဘဲ....(မှန်ပါ့)ပိုလျှင်လဲ လူ့ဘို့ဘဲ.... (မှန်ပါ့) ဒါမှ သေရာကောင်းတော့မပေါ့၊ဘဝကူးကောင်းဘို့အရေးကြီးတယ်၊ ဒါဘဲ ခင်ဗျားတို့ တတ်တယ်။ စာမျက်နှာ (၅၇၃)။

၂။ ဒီခန္ဓာကြီးကြောင့် အိုရတယ်....(မှန်ပါ့) ဒီခန္ဓာကြီးကြောင့် နာရတယ် .... (မှန်ပါ့) ဒီခန္ဓာကြီးကြောင့် သေရတယ်၊ ဒီခန္ဓာကြီး ရှိတဲ့အတွက် အပါယ်ဘေးကြောက်ရတယ်။ စာမျက်နှာ (၄၉၇)။

၃။ ဒါကြောင့် ဘုန်းကြီးတို့ တကာ တကာမတွေ....ဘာကလေး လှုလှု၊ ဘာကလေး တန်းတန်း ( ဘဝကူးကောင်းဘို့ )များ မလုပ်ပါနဲ့ စာမျက်နှာ (၄၉၉)။

၄။ (ဘဝကူးကောင်း) ဆိုတဲ့ ဥစ္စာ သစ္စာမသိလို့ ဖြစ်ရတဲ့ အဖြစ်တွေလို့ တကာသစ်က မှတ်လိုက်ပါ။

၅။ ဘဝကူးတယ်ဆိုယင် စုတိပြီး ပဋိသန္ဓေ ရလာတယ်.... (မှန်ပါ) စုတိက ဘာသစ္စာ....(ဒုက္ခသစ္စာ) ပဋိသန္ဓေ ကကော(ဒုက္ခသစ္စာပါဘုရား)။စာမျက်နှာ(၄၉၉)။

၆။ ဩော် .... ဒုက္ခက ဒုက္ခ ကူး တာ များ ဘယ် သူ က အ ကောင်း လို့ ဟော ထား ပါ လိမ့်။ စာ မျက် နှာ (၄၉၉)။

၇။ ဘဝကူးတယ်လို့ထင်ယင် ဘာတုံး.... (သဿတဒိဋ္ဌိပါ) ကောင်းတယ်ထင်တာက,.... (သစ္စာမသိလို့) အားလုံး တကာတကာမတွေ ဘဝကူးကောင်းဘို့ဖြင့်ခင်ဗျားတို့ အမှားကြီးကို အကြီးအကျယ်ပြင်ပါဆိုတာ သတိပေး လိုက်တယ်။ စာမျက်နှာ (၅၀၁)။

၈။ ခန္ဓာဆုတောင်းယူတဲ့ပုဂ္ဂိုလ်များ(အင်မတန်မှားတယ်) ဆိုတာ ယုံယုံကြည်ကြည်နဲ့ မှတ်စမ်းပါ။ စာမျက်နှာ (၄၉၈)။

၉။ တကာကြွယ်တို့ လူစုကလဲ အသက်သာ ကြီးနေတယ်၊ မိတ်ဆွေချင်း တွေ့ကြယင် ကျောင်းဆောက်တယ်၊ ဘုရားတည်ဟေ့၊ (မတည်ရဘူး) ဘုန်း ကြီး က မ ဆို ပါဘူး(ဘဝကူးကောင်းဘို့လောက်တော့ မဖြစ်စေနဲ့) စာမျက်နှာ (၄၉၉)။

၁၀။ အသက်ကလဲ ကြီးပြီဗျာ၊ ဘဝကူး ကောင်းဘို့ အရေး ကြီးတယ်.... (မှန်ပါ) သူကဖြင့် တရားသံလိုလိုနဲ့ ဒိဋ္ဌိ သံကြီး။

၁၁။ ဒါကြောင့်....မနေ့က (ဘဝကူး) ဆိုတာ တော်တော် ပြောခဲ့တယ်၊ (ဘဝကူးကောင်းဘို့) ဆိုတဲ့ ဥစ္စာကို ပယ်ကြ....(မှန်ပါ့) ဘဝ ချုပ်ငြိမ်းရုပ်သိမ်းတဲ့ နိဗ္ဗာန် ကိုသာ ရအောင်ကြိုးစားကြ။ စာမျက်နှာ(၅၇၃)။

ဤ စာတမ်းကို ဥာဏ်နား, ဥာဏ်မျက်စိဖြင့် ဖတ်ရှုနာယူ၍ မိရိုးဖလာ အမှားများပယ်ပြီးလျှင် အမြင်မှန် (သမ္မာဒိဋ္ဌိ) ရကြ ပါစေ။

မိုးကုတ်ဝိပဿနာတရား၏

# ပဏ္ဍာမ အရသာများ

ဗုဒ္ဓသာသနာ၏ အနှစ်ရှာရန်နှင့် ဒိဋ္ဌိပြုဘ်ရေး

ကျေးဇူးရှင် မိုးကုတ်ဆရာတော် ဘုရားကြီးသည် ဒါန-သီလ အစရှိသော ကုသိုလ်ကောင်းမှုပြုလုပ်ရာတွင် (ယခုဘဝ ကောင်း စားရေးနှင့် နောင်ဘဝ)ကောင်းစားရေးသာရည်ရွယ်ပြီးပြုလုပ် ကြခြင်းကို အထူးသတိပေးတော်မူသည်။

ဤဘဝမှ ဘဝတပါးသို့ ကူးသွားသည်ဟု အယူရှိလျှင် သဿတဒိဋ္ဌိဖြစ်၍ ကောင်းသည်ဟုယူလျှင် သစ္စာမသိသောအယူ သာဖြစ်ပါသည်။ ဤအယူမစွန့်နိုင်သမျှ မဂ်ဖိုလ် နိဗ္ဗာန် မရ နိုင်ပါ။

အမှန်အားဖြင့် တဘဝမှ တဘဝသို့ ကူးသည်ဆိုသည်မှာ.... စုတိ ဒုက္ခမှ ဇာတိ ဒုက္ခ ရခြင်းဖြစ်၍ အဟော ဒုက္ခမှ အနေ ဒုက္ခ ရခြင်းသာဖြစ်ပါသည်။ သို့အတွက်.... ဒါန-သီလ-အစရှိသော ကုသိုလ်ကောင်းမှုပြုလုပ်ရာတွင် ဤခန္ဓာဝန် ဒုက္ခသစ္စာကြီးမှ

ကျွတ်လို့လွတ်လို့၍ လှူဒါန်းခဲ့းကမ်းပါ၏။ (ဝါ) ဘဝချုပ်ငြိမ်းသော နိဗ္ဗာန်တည်းဟူသော သာသနာ၏ (အနှစ်)ရနိုင်ရန်ကြိုးစားကြပါဟု တိုက်တွန်းဘော်မူခြင်းဖြစ်ပါသည်။

များသောအားဖြင့် မြန်မာပြည်တွင် ဗုဒ္ဓဘာသာဆိုင်းဘုတ်သာရှိ၍ အတွင်းသားမှာ သဿတဒိဋ္ဌိအယူများပါသည်။ ဒါနပြုရာတွင်ငရင်း၊ သီလဆောက်တည်ရာတွင်ငရင်း၊ သမထ ဝိပဿနာအလုပ် လုပ်ရာတွင်ငရင်း၊ ကိုယ့်အတွက် အထုပ်ပါမှ (ရေမှုးနှင့်ဘီနပ်မပါ နွေအခါမှ သိလိမ့်၊ ဒါနနှင့် သီလမပါ သေကာမှ သိလိမ့်)ဆိုသော(ဆက်ကြီးစကား သက်ငယ်မှား) ပြောဆိုလေ့ရှိကြပြီး ဘဝကူးသည်ဟု အမှန်ယုံကြည်၍သာ ပြောဆိုကြခြင်းဖြစ်ရာ ( ဘဝကူးသည် ) ဆိုကတည်းက ဤဘဝခန္ဓာစွန့်၍ဝိညာဏ်က နောက်ဘဝ ကူးသွားသည်ဟူ၍ အယူရှိကြသည်။ မြန်မာလူမျိုးတိုင်းလိုပင်ယုံကြည်အစွဲများကြသည့်ဤအယူသည် သဿတဒိဋ္ဌိအယူဖြစ်၍ နတ်ရွာသုဂတိရောက်ကြောင်းကို မပိတ်ပင်သော်လည်း မဂ်ဖိုလ်ကိုတားမြစ်သည်ဟု မြတ်စွာဘုရားသခင်ဟောတော်မူသည်။ (မဇ္ဈိမနိကာယ် တဏှာသခ်ယသုတ်)

ထို့ပြင် (ဒါမှကိုယ့်အတွက်ပါမှာ) ဟု တဖန်ပြောဆိုကြပြန်သေးသည်။ ဤသို့ ပြောဆိုကြခြင်းမှာလည်း မိမိဘဝကူးသည့်နောက် ပါသွားမည်။ ယခုဘဝ လှူဒါန်း ပေးကမ်းမှုသည့်နောက်ဘဝ၌ ထိုအထုပ်ကိုဖြေ၍ စားနိုင်အောင်ဆိုသည့်သဘောသက်ဝင်သည်။ ဤသည်မှာလည်း သဿတဒိဋ္ဌိအစစ်ပင်ဖြစ်သည်။ ပြုသူမိမိ၊ နောက်ဘဝခံစားသူ မိမိဘဲဖြစ်သည်။

ဒီဘဝလည်း မိမိ၊ နောက်ဘဝလည်း မိမိ-ဟူ၍ စွဲယူသဖြင့် ပြုလုပ်သူလည်းမိမိ၊ ခံစားသူလည်းမိမိ-ဟူ၍ ယုံကြည်ကြသည်။

ပရမတ္ထသစ္စာအနေအားဖြင့် မိမိဆိုတာလဲမရှိ၊ ခန္ဓာငါးပါး မျှသာရှိသည်။ ပြုလုပ်သူလည်းမရှိ၊ ခံစားသူလည်းမရှိ၊ ယခုဘဝ ခန္ဓာငါးပါးသည်လည်း နောင်ဘဝသို့ တစွန်းတစလိုက်နိုင်သည် မည်သည်မရှိ။ (နိဒါနဝဂ္ဂသံယုတ်-အစေလကဝတ္ထု)

ဘဝကူးကောင်းအောင်ဆိုသည်မှာ ဤဘဝ-ဟိုဘဝ ကူးနေသည်ဟု ယုံကြည်မှုဖြစ်သည်။ ၎င်းယုံကြည်မှုသည် ဒိဋ္ဌိ (မှားသောယုံကြည်မှု)ဟု ခေါ်ပါသည်။ ဒိဋ္ဌိ (၆၂) ပါးတွင် တပါးဖြစ်သည်။ ဤဒိဋ္ဌိအပင်း ခံနေခဲ့ပါလျှင် ဝိပဿနာတရား အားထုတ်ပင်အားထုတ်ငြားသော်လည်း မဂ်ဖိုလ်လမ်းကြောင်း၌ သူကခံနေပါသည်။ (မဂ်ဖိုလ်မရနိုင်ဟု ဆိုလိုပါသည်)။ (သံယုတ်ပါဠိတော် ဆန္နဝတ္ထု)

၎င်းအယူ ကင်းစင်နိုင်ရန်မှာ ပဋိစ္စသမုပ္ပါဒ် တရားကို ကောင်းစွာ နားလည်ရန် လိုအပ်ပါသည်။ ဤအကြောင်းတရားကြောင့် ဤအကျိုးတရား ဖြစ်သည်ဟု မိမိတို့ စိတ်သန္တာန်မှာ ရှင်းလင်းပြတ်သားနေရန် လိုအပ်ပါသည်။ အကြောင်းအကျိုး ဆက်မှုနားလည်ရန်မှာ သုတ္တန်နည်းအားဖြင့် ဟောကြားထားသော ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်သာလျှင် (မိမိတို့ မိရိုးဖလာ အစွဲအားကြီးနေခဲ့ကြသော) ဘဝကူးသည် ဆိုသည့် ယုံကြည်မှု ထင်းလွတ်စင်ကြယ်စေနိုင်ပါသည်။

အဘယ့်ကြောင့်ဆိုသော် ဤအကြောင်းတရားကြောင့် ဤ အကျိုးတရား ဖြစ်ပေါ်သည်ဟု အမြင်ဉာဏ် မရှင်းလင်း၍ခန္ဓာ

ဉာဏ်မရောက်ခဲ့သော် ယုံမှားခြင်း ဝိစိကိစ္ဆာ လာပေမည်။ ဒိဋ္ဌိ စွဲလာမည်မှာ သေချာလှသည်။ ပညာအရာတွင် မြတ်စွာဘုရား အောက် တပါးမျှသာရှိသော "ရှင်သာရိပုတ္တရာ" ကိုယ်တော် မြတ်ကြီးသည်ပင်လျှင် "ယေဓမ္မာ ဟေတုပ္ပဘဝါ" စသော တရားကို တဆင့်ကြား၍ နာရမှုပင် သောတာပန် ဖြစ်တော်မူ ပါသည်။

နိုင်ငံခြား-အခြားဘာသာဝင် ဖြစ်ကြလော ဥရောပ တိုက် သားများ ဗုဒ္ဓဘာသာဝင်အဖြစ် ခံယူပြောင်းလဲလာကြခြင်း များသည် ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်ကို ပဌမအဆင့်အနေဖြင့် နားလည်ပြီးနောက် သစ္စာလေးပါး တရားတော်ကို သဘော ပေါက် နားလည်ကြခြင်းကြောင့်ဖြစ်ပါသည်။

သို့အတွက် သာသနာ၏ အနှစ်ကို ရှာလိုသူ ဗုဒ္ဓဘာသာဝင် တိုင်း ပဋိစ္စသမုပ္ပါဒ် ဒေသနာ အကြောင်း အကျိုး ဆက်သွယ် သောတရားကို နားမလည်မခြင်း, ခန္ဓာဉာဏ်ရောက် သင်ကြား လေ့လာ အားထုတ်သင့်ကြကြောင်းစေတနာစေတ္တာရှေ့ထား၍ တိုက်တွန်းအပ်ပါသတည်း။

## ပဋိစ္စသမုပ္ပါဒ်ဒေသနာ

ပဋိစ္စသမုပ္ပါဒ်နားလည်ပြီးမှ မိမိတို့အသိမှာ ဒိဋ္ဌိ ဝိစိကိစ္ဆာ ကွာမယ်၊ ကွာပြီးမှ အနိစ္စ, ဒုက္ခ, အနတ္တ, ဖြစ်ပျက်အားထုတ်၊

ပဋိစ္စသမုပ္ပါဒ်သိမှုအယင်ကြိုးစား၊ ဒီဟာမစင်ကြယ်ဘဲအားထုတ်ကြပေ့၊ အနိစ္စ, ဒုက္ခ, အနတ္တမှတပါး နိဗ္ဗာန်ရောက်တရားမရှိဘူး၊ ပြောတဲ့ပုဂ္ဂိုလ်က ပြောပြသော်လဲ သုတ်သင် ရှင်းလင်းသိုက်တဲ့ ရှေ့အဘိုတို့ကို နားမလည်ယင် ပင်ပန်းရုံဘဲ။

ပဋိစ္စသမုပ္ပါဒ်ဒေသနာဆိုသည်မှာ....

၁။ သံသရာ၏အစကိုရင်း၊ သမုတိသစ္စာအလိုအားဖြင့်'လူ' ဟူ၍ရင်း ပုဂ္ဂိုလ်သတ္တဝါဟူ၍ရင်း၊ သမုတ်ကြသူတို၏ ဖြစ်ရာအစသည် (အဝိဇ္ဇာနှင့်တဏှာ) ဟူ၍ရင်း ပြသခြင်းဖြစ်သည်၊ ပေါ်လွင် ထင်ရှားစေခြင်းဖြစ်သည်။

၂။ ထို''လူ''ဟူ၍ရင်း၊ ပုဂ္ဂိုလ်သတ္တဝါဟူ၍ရင်း၊ သမုတ်ကြသောသူတို့၏ ခန္ဓာဖြစ်စဉ်ကို ပြသခြင်းဖြစ်သည်။

၃။ ပရမတ္ထသစ္စာ အလိုအားဖြင့် ပုဂ္ဂိုလ်· သတ္တဝါ· ယောကျ်ား,မိန်းမ မရှိ၊ ဤအကြောင်းတရားဖြစ်ပေါ်ခြင်းကြောင့် ဤအကျိုးတရားဖြစ်ပေါ်ခြင်းစသည်ကို ပြသသောတရားဖြစ်သည်။

၄။ ဘာခ်ါရနှင့် ဝိညာဏ်အစပ်၊ ဝေဒနာနှင့် တဏှာအစပ်၊ ကမ္မဘဝနှင့် ဇာတိအစပ်ကို အလျင်မပြတ် ဒလစပ်ဆက်စပ်နေခြင်းကိုပြသည်။

၅။ (ဇာတိ)ဟု ဆိုအပ်သော ပဋိသန္ဓေနေလိုက်၊အိုလိုက်၊ နာလိုက်။ သေလိုက်၊ တဖန် - ပဋိသန္ဓေ နေလိုက်၊ အိုလိုက်၊ သေလိုက်၊ မီးခိုးမဆုံး, မိုးမဆုံး လှည့်လည်ဖြစ်ပွားနေခြင်းကို ပြသခြင်းဖြစ်သည်။

၆။ ဒုက္ခအစုတွေ တခုပြီးတခု အစဉ်တန်းနေခြင်းသာ ဖြစ်ပေလည်။

၇။ လောင်စာနှင့် မီးသာ ထပ်ခါတလဲလဲ လှည့်နေခြင်း၊ လောင်စာထည့်ပေးရင်း မီးအသစ်ပွားခြင်း ဟူ၍သာ ဆက်ခါ ဆက်ခါ ဖြစ်ပွားနေခြင်းကို ပြသသည်။

၈။ သမုဒယနှင့် ဒုက္ခသစ္စာသာ လှည့်နေခြင်းကို ထင်ရှားပေါ်လွင်စေသည်။

၉။ ကိလေသဝဋ္ဋ်, ကမ္မဝဋ္ဋ်, ဝိပါကဝဋ္ဋ်-ဟု ဆိုအပ်သော ဝဋ္ဋ်(၃)ပါးသာ မရပ်မနား ရဟတ်ခြားပမာ လှည့်နေခြင်းကိုပြသည်။

၁၀။ လွန်လေပြီးသောအတိတ်ဘဝ၊ယခုပစ္စုပ္ပန်ဘဝ၊နောင်လာလတံ့သော အနာဂတ်ဘဝ၊ ထိုဘဝ သုံးပါးသာ လှည့်လည်နေခြင်းကို ပြသထင်ရှားပေါ်လွင်စေသည်။

ဤသည်တို့ကား .... ဒေသနာအစဉ်အတိုင်း ခမ္မနိယာမ အစဉ်ဖြစ်၏။ ဗုဒ္ဓဘာသာတိုင်း ဤအခြေခံသဘောကို နားလည်မှသာ ပုဂ္ဂိုလ်သတ္တဝါမရှိ၊ ခမ္မအစဉ်တွေသာ တခုပြီးတခု တန်းနေခြင်းဖြစ်၍ (ဒိဋ္ဌိ) ကွာသောတရား သညာတဆိုက်သောတရား ဖြစ်စေသောကြောင့် ခန္ဓာ ဉာဏ်ရောက်မှုရရှိရန် ကြိုးစားသင့်သော အချက်ကြီး ဖြစ်ကြောင်း၊ သို့ဖြစ်၍ ပဋိစ္စသမုပ္ပါဒ် စက်ဝိုင်းဒေသနာကိုကြည့်ရှုလေ့လာ၍ ခန္ဓာဉာဏ်ရောက် ဝိပဿနာ အလုပ်ကို ကြိုးစား အားထုတ်ကြပါရန် လေးစားစွာ တိုက်တွန်းအပ်ပါသည်။

သုတဝါ = ပညာနားနှင့် ကြားဘူးတာဖြစ်ပါစေ၊ အရိယာသာဝကော=အရိယာတို့၏ ကျင့်စဉ်အတိုင်း မှတ်သားပြီး ကျင့်နိုင်တဲ့ပုဂ္ဂိုလ် ဖြစ်ပါစေ။

## ကျေးဇူးတော်ရှင်-မဟာထေရ်အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရားကြီး၏ ခန္ဓာဉာဏ်ရောက် တရားဟောစဉ်များမှ ကောက်နုတ်ချက်-တရားအရသာများ။

---

၁။ မိမိရဲ့ ရခဲ့တဲ့ လူ့ဘဝကို အလွဲသုံးစား အချိန်တွေနဲ့ မဖြုန်းလိုက်ပါနှင့်။

၂။ ခန္ဓာကိုယ်ဟာ မွေးကထဲက အသေဘက်သို့ ပြေးနေတယ်။

၃။ ဘယ်ဗေဒင်မှ မယုံကြနဲ့၊ ခန္ဓာက သူ့လမ်းသူပြေးနေတော့ မနေ့ကထက် ယနေ့ သေဖို့တရက်နီးသွားပြီဆိုတာသာ ယုံလိုက်ပါ။

၄။ ခန္ဓာ၏ ဝတ္တရားကအသေရှာတာ၊ ဉာဏ်၏ ဝတ္တရားကအသေရှောင်တာ။

၅။ ခန္ဓာက အပြေးသွားနေတော့ အသေကဦး၍ ဉာဏ်က နောက်ကျသွားလိမ့်မယ်။

၆။ အပြေးမရပ်တဲ့ခန္ဓာကိုယ်၊ သူသာန်မရောက်ခင် မဂ္ဂင်အလုပ် မြန်မြန်လုပ်ပါ။

၇။ အသက်ဘမ်း ခပ်တိုတိုလေးမှာ ခပ်ခိုခိုလုပ်နေမယ်ဆိုယင်၊ အသေစောသွားယင် ကိုယ်ကျိုးနဲလိမ့်မယ်။

၈။ သာသနာနဲ့ကြုံမှ သစ္စာလေးပါး ထွက်မြောက်ရေး တရားပေါ်တယ်။

၉။ ယခုအချိန်ဟာ အားလုံး အဖက်ဖက်မှကြုံပြီး ကျွတ်တမ်းဝင်ရမဲ့ ဘဝဘဲလို့ ဆုံးဖြတ်ချက်ချပြီး အလုပ်သာ လုပ်ပါ။

၁၀။ ယခု အဖက်ဖက်က ကြုံဆုံတဲ့ ကာလ ကလေး သည် အိုဘေး၊ နာဘေး၊ သေဘေးတွေကို တားနိုင်တဲ့ကာလ၊ အပါယ်ဘေးကို တားနိုင်တဲ့ကာလ၊ ဒီအဘိုးတန်လှတဲ့ ကာလကလေးကို သွားရေး၊ သမီးရေး၊ စီးပွားရေး တွေနဲ့ချည်း အချိန်မကုန်လွန်ပါစေနှင့်။

၁၁။ ကိစ္စဟူသမျှသည် မဂ်တား၊ ဖိုလ်တားလို့မှတ်ပါ။

၁၂။ တကာတကာမတွေဟာ တဏှာ (လောဘ) ခိုင်းရာကို ကျွန်သဘောက်ပီပီ လုပ်နေကြတာဘဲ။

၁၃။ တဏှာ (လောဘ) ခိုင်းတိုင်း လုပ်တာသည် အရှက် မရှိလို့။

၁၄။ တဏှာ(လောဘ)ခိုင်းတိုင်းလုပ်လို့သေလျှင် အပါယ် လေးပါးရောက်မယ်ဆိုတာလဲ မကြောက်။

၁၅။ အဝိဇ္ဇာ တဏှာကိန်းလာယင် ဟိရိဩတ္တပ္ပ (အရှက်· အကြောက်)မရှိတော့ဘူး။

၁၆။ တဏှာကို အပေါ်မလုပ်နဲ့၊ ဉာဏ်ကို အပေါ်လုပ်ပါ။

၁၇။ အလကားနေသရွေ့၊ အအားနေသရွေ့၊ အမှားနေ-ခြင်းသာသို့မှတ်ပါ။

၁၈။ ရက်ရာဇာ၊ ပြဿဒါး ရွေးမနေနဲ့၊ သူတော်ကောင်း အလုပ်·လုပ်တဲ့အချိန်ဟာ မင်္ဂလာဘဲဆိုတာ မှတ်ပါ။

၁၉။ ယခု သားနဲ့၊သမီးနဲ့၊ ဆွေနဲ့၊ မျိုးနဲ့၊ပစ္စည်းဥစ္စာတွေနဲ့၊ မသိပြုံး - ပြုံးနေသလောက်၊ မသိပျော် - ပျော်နေသလောက်၊နောင်-သေခါနီးအိပ်ရာညောင်စောင်းမှာ မျက်ရည်ကျရပါလိမ့်မယ်။

၂၀။ ကိုယ့်ကိုယ်သနားယင် ဝိပဿနာလုပ်ကြ၊ ကိုယ့်ကိုယ် မသနားယင်သားရေး၊သမီးရေး၊စီးပွားရေးလုပ်ကြ။

၂၁။ သားရေး၊သမီးရေး၊စီးပွားရေးအတွက်ကိုသာ ဂရုစိုက် လုပ်နေယင် အချိန်အလွဲသုံးစား လုပ်တာဘဲ၊ လူမိုက် အချိန်ဘဲဆိုတာ မှတ်လိုက်။

၂၂။ သစ္စာတရားကိုနာပါ၊ နာမှသိမယ်၊ သိမှကျင့်မယ်။

၂၃။ နားက တရားကိုနာ၊ ဉာဏ်က ခန္ဓာကိုလှည့်၊ ပစ္စုပ္ပန် ခန္ဓာနောက်က ဝိပဿနာဉာဏ်မလိုက်လျှင် ဒုက္ခသစ္စာ လိုက်မှာဘဲ။

၂၄။ အသက်ကြီးလေလေ၊ ကံမွဲ-ဉာဏ်မွဲလေလေမှတ်၊ ကံမွဲ တာ အရေးမကြီး၊ ဉာဏ်မွဲယင် နိဗ္ဗာန်မရောက်။

၂၅။ ကံကို ဉာဏ်ကဖြတ်မှ နိဗ္ဗာန်ရမှာ၊ဉာဏ်မပါယင် ကံက ခြယ်လှယ်သွားလိမ့်မယ်။

၂၆။ နိဗ္ဗာန်သည် ကံ၏ အကျိုးမဟုတ်၊ ဉာဏ်၏ အကျိုး ဖြစ်တယ်။

၂၇။ တရားနာရုံနှင့်မပြီး၊ခန္ဓာဉာဏ်စိုက်ပြီးကြည့်မှပြီးမယ်။

၂၈။ လူပြော သူပြောတွေကို မယုံနဲ့၊ မိမိခန္ဓာက ပြောတာကိုသာ အယုံကြီးယုံလိုက်ပါ။

၂၉။ ခန္ဓာကြီးရဲ့ စွမ်းရည်သတ္တိကို ပင်ကိုသဘောက ဖြစ်မှု ပျက်မှုဘဲရှိတယ်။

၃၀။ ဝိပဿနာဆိုတာ ခန္ဓာမလိုချင်အောင်ရှုတာ။

၃၁။ ခန္ဓာကလောင်စာ (ထင်း)၊ဇရာမရဏက(မီး) သံသရာတလျှောက်လုံးမှာ (လူ-နတ်-ဗြဟ္မာ) ဘယ်ခန္ဓာရရ၊ လောင်စာ(ထင်း)နှင့်(မီး)တွဲနေတာဘဲရှိတယ်။

၃၂။ လောင်စာသိမ်းပြီး မီးငြိမ်းတာသည် နိဗ္ဗာန်။

၃၃။ လောင်စာသိမ်းပြီး မီးငြိမ်းတဲ့ အလုပ်သည် မဂ္ဂင် အလုပ်ဘဲ။

၃၄။ ဒုက္ခသစ္စာကို ပိုင်းခြားသိတာလဲ မဂ်ဘဲ၊ သမုဒယသစ္စာ သတ်တာလဲ မဂ်ဘဲ၊ နိရောဓရောက်အောင်လဲ မဂ်ဘဲ၊ ဒါကြောင့် မဂ်သည် သုံးကိစ္စရွက်ဆောင်တယ်။

၃၅။ အာရုဏ်တက်တာသည် နေထွက်ဖို့ရှေ့ပြေး၊ ဝိပဿနာ မဂ်သည် လောကုတ္တရာမဂ်၏ရှေ့ပြေး။

၃၆။ ဒါန-သီလသည် ကိလေသာရောဂါ၊သက်သာရုံရမယ်၊ ဝိပဿနာအလုပ်ပါ လုပ်မှသာ ရောဂါပျောက်မယ်။

၃၇။ ဒါနက သံသရာမလည်၊ အသိမလိုက်လို့ သံသရာလည်တာ မှတ်ပါ၊ သစ္စာသိပြီး လှူယင် ခန္ဓာကိုယ်ရောင်းလှူပါ။

၃၈။ အလုပ်စဉ်ကြည့်ယင် ပိဋကတ် မှတ်တမ်းမှာ ကြည့်၊ အလုပ်ကြည့်ယင် ခန္ဓာမှာကြည့်။

၃၉။ အလုပ်တရားဆိုတာခန္ဓာအရှိနဲ့ဉာဏ်အသိကိုက်အောင်လုပ်တာ။

၄၀။ အရှိက ဖြစ်-ပျက်-ဓမ္မ၊ အသိကတော့ မဂ္ဂ။

၄၁။ ပဋိစ္စသမုပ္ပါဒ်ဆိုတာ ခန္ဓာထဲရှိတဲ့တရား။

၄၂။ ခန္ဓာနဲ့ ငါနဲ့မရောပါစေနဲ့။

၄၃။ တရားနာတယ်ဆိုတာ ဒီအချိန်မှာ မတရား အလုပ်မလုပ်တဲ့အချိန်ဘဲ။

၄၄။ ကြားတဲ့တရားနဲ့ သိတဲ့တရား နှစ်ခုထပ်ယင် သောတာပန်တည်နိုင်တယ်။

၄၅။ ဘဝကူးကောင်းဖို့ အလိုမရှိပါနဲ့၊ ဘဝချုပ်ငြိမ်း ရုပ်သိမ်းခြင်းကိုသာ အလိုရှိပါ။

၄၆။ ဖြစ်ပြီး ပျက်တာက အနိစ္စ (ဒုက္ခသစ္စာ) ပျက်မှန်းသိတာကမဂ္ဂ၊ သေတာက သမုဒယ၊ နောင်ဒုက္ခမလာတာက နိရောဓ။

၄၇။ ဖြစ်ပျက်သမျှ - သခ်ါရဒုက္ခသစ္စာမှတ်။ သခ်ါရတွင်၊ ငါကောင်ထင်၊ခင်မင်သမုဒယမှတ်။ ရုပ်နာမ်အားလုံးဖြစ်ပျက်သုဉ်း၊ ချုပ်ဆုံး နိဗ္ဗာန်မှတ်။ ချုပ်ဆုံးမှုတွင်-ဉာဏ်သက်ဝင်၊ သိမြင်မဂ်ဟုမှတ်။

၄၈။ သူတော်ဆည်းကပ်၊ မြတ်တရားနာ၊ လွန်စွာအားထုတ်၊ နာမ်နှင့်ရုပ်ကို၊ ဖြစ်ချုပ်ဉာဏ်ဖြင့်၊ ဤငါးအင်၊ မှန်ပင် မဂ်ရကြောင်း။

ကျေးဇူးတော်ရှင် - မဟာထေရ်အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး၏
ခန္ဓာဉာဏ်ရောက် တရားဟောစဉ် စာအုပ်အမှတ်စဉ်(၁၃)မှ
ကောက်နှုတ်ချက် - ပဏ္ဍာမတရား အရသာများ

---

၁။ မိမိတို့လူ့ဘဝကလေးဟာ အင်မတန် ရခဲပါတယ်ဆိုတဲ့ ဒုလ္လဘတရားထဲမှာလဲ အပါအဝင်ဖြစ်ပြီး ရှားတာကလေး ကိုလဲ အလွဲသုံးစားနဲ့ သုံးပြီးသကာလ မဖြုန်းလိုက်ဘဲနဲ့ အဖိုး တန်တဲ့အလုပ်နဲ့ သုံးပြီးသကာလ အချိန်ကုန်စေချင်တယ်ဆိုတာ ကိုလဲ တကာတကာမတွေကို တိုက်တွန်းပါတယ်(မှန်ပါ့ဘုရား)။

၂။ ရခဲတဲ့ဘဝထဲမှာ တကာ တကာမတွေက ဘဝတဏှာ နိုင်းတာနဲ့ဘဲ အချိန်တွေအလကားဖြုန်းပြီးသကာလ အိုခြင်းဆိုး တိုးနေတဲ့ဥစ္စာ ဩော်....ဒို့သည်ကားလို့ဆိုယင် မရစဘူး·အရထူး တာကြီး အလွဲသုံးစား သုံးနေပါကလား ဆိုတာကလေးကိုလဲ သိစေချင်တယ်... (မှန်ပါ့ဘုရား)။

၃။ အလွဲသုံးစား ဒို့လုပ်နေတယ်ဆိုတာလဲ တကာတကာမ တွေ လူ့ပြည်လာပြီးသကာလ အိမ်တောင်ခြင်း၊ သားမွေးခြင်း၊ သားသမီးတွေလုပ်ကျွေးခြင်း၊ ဒါလုပ်ဖို့လာတာမဟုတ်ပါဘူး....

တဲ့၊ ဒုက္ခဝဋ်မှကျွတ်ချင်လို့ အပါယ်လေးပါးမှ တက်ပြီးသကာလ လာခဲ့ကြရတာ၊ ဒီကျမှ ယောင်ချာချာ၊ ဘဝတဏှာက လှည့်စားလိုက်၊ ပတ်ဝန်းကျင်ကလှည့်စားလိုက်နဲ့ တကာတကာမတွေမှာ....တဲ့၊ မရစဘူး အရထူးတဲ့ ဘဝကြီး အလွဲသုံးစားနဲ့ အချိန်တွေ ဖြုန်းလိုက်တဲ့အတွက် အနာကြီး နာနေတယ်ဆိုတာ သိအောင်လဲလုပ်ကြပါ....(မှန်ပါ့ဘုရား)။

၄။ ဆိုးလွန်းလို့ပြောပါတယ်....(မှန်ပါ့ဘုရား) အိမ်ရောက်သွားတယ်ဆိုယင် သားကလှည့်လိုက်၊ သမီးကလှည့်လိုက်၊ပစ္စည်း၊ ဥစ္စာက လှည့်လိုက်ဆိုပြီး ခန္ဓာကိုယ်ကြီး အချိန်ကုန်ပြီးသကာလ အိုခြင်းဆိုးတွေတိုးပြီးသကာလနာခြင်းဆိုးဘက်ပြေးသွားတဲ့ဥစ္စာ သေခြင်းဆိုးနဲ့ နီးကပ်သွားတာတွေကိုဘဲ တကာတကာမတွေက မသိလိုက်တော့ ရလာတဲ့ ဘဝကြီး အလွဲသုံးစားနဲ့ဖြုန်းလိုက်တာ သေချာတယ်ဆိုတဲ့ ဥစ္စာ ဘာမျှ ပြောစရာမလိုတော့ဘူး-(မှန်ပါ့ဘုရား)။

၅။ ဒါကြောင့် ဒီနေ့ကစပြီးသကာလ ဘုန်းကြီးတို့ တကာတကာမတွေ....အလွဲသုံးစားဇာတ်ကိုဖြင့် အသိမ်းကြီး သိမ်း၍ အငြိမ်းကြီး ငြိမ်းတဲ့နိဗ္ဗာန် မရောက် - ရောက်အောင် ကြိုးစားပါမယ်ဆိုတဲ့စိတ်ဖြင့် သန်သန်ထွားထွားကြီးမွေးရမယ်....(မှန်ပါ့ဘုရား)။

## ကျေးဇူးတော်ရှင် - မိုးကုတ်ဆရာတော်ဘုရားကြီး၏ ခန္ဓာဥာဏ်ရောက် - အရိယာမြင်အသံသွင်း ဝိပဿနာတရားပွဲ

ရွှေတိဂုံစေတီတော် မြောက်ဘက်ရှိ မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာ၌ တနင်္ဂနွေနေ့(၁၁)နာရီမှစ၍ ကျန်ရှိသောနေ့များတွင် နေ့စဉ်(၁)နာရီမှစပြီး ကျေးဇူးရှင် - ဆရာတော်ဘုရား၏အသံသွင်းတရားများကို ဖွင့်လှစ် ဟောကြားလျက်ရှိရာ ခန္ဓာဥာဏ်ရောက် သဘောပေါက်၍ ဒိဋ္ဌိပြုတ်လိုသူတိုင်း ကြွရောက် နာကြားရန် ဖိတ်ကြားအပ်ပါသည်။

### ဆရာတော်ကြီး၏ ဟောစဉ်တရားတော်များ၏

# ပဏ္ဏာမ အရသာများ

တရားဆိုတာ နာယင် ကုသိုလ်ရတာချည်းဆိုပေမဲ့ နိဗ္ဗာန်ရတဲ့တရား၊ မရတဲ့တရား ရှိသေးတယ်၊ ကုသိုလ်တော့ ရတာချည်းနော်....၊ နိဗ္ဗာန်တော့ ရမယ်-မရမယ်ဆိုတာ ဒိဋ္ဌိခွာတဲ့တရားမှ နိဗ္ဗာန်ရမယ်၊ (ဦးကျော်မောင်တို့ မှတ်ထားတာကတရားနာယင် ကုသိုလ်ရ၊ ကုသိုလ်ရယင် နိဗ္ဗာန်ရတာပေါ့....လို့) ဒီလိုများ သွားမပြောလိုက်နဲ့၊ ဦးမြ-အတော်နာဘယ် (ဟုတ်မှမဟုတ်ဘဲ)။

တရားနာတာ ကုသိုလ်ရတာတမျိုး....(ကုသိုလ်ရတယ်)။

တရားနာတာ ဒိဋ္ဌိကွာတာတမျိုး....(နိဗ္ဗာန်ရတယ်)။

ကုသိုလ်ရအောင်ပြောတဲ့ဆရာသမားကတမျိုး) ဒါမကွဲကြဘူး
နိဗ္ဗာန်ရအောင်ပြောတဲ့ ဆရာသမားကတမျိုး)

မင်းလုပ်ယင်....သေခတာ့ - မင်းရတာပေါ့ဆိုတဲ့ တရားမျိုး ခင်ဗျားတို့က သိပ်သဘောကျနေတယ် ( အဲ့ဒါ သဿတဒိဋ္ဌိပါနေတယ်) ဒါနိဗ္ဗာန်မရဘူး- မင်းလုပ်ပေမဲ့.... ( အနတ္တကွ ) အကြောင်းအကျိုးဘဲ၊ အကြောင်းအားလျော်စွာ အကျိုးဖြစ်မှာဘဲ၊ အကြောင်းချုပ်ယင် အကျိုးချုပ်မှာဘဲ၊ မင်းဟာရယ်လို့ ဘာမှမရှိဘူးဆိုတဲ့ စေတနာတွေပါ အနတ္တ၊ အကျိုးပေးတွေပါအနတ္တ။

ဒါကြောင့်.... ကမ္မဿ ကာရကော နတ္ထိ၊ ဝိပါကဿစ ဝေဒကော။

သုဒ္ဓဓမ္မာ ပဝတ္တန္တိ၊ ဧဝံ တံ သမ္မဒဿနံ။
(ဝိသုဒ္ဓိမဂ်)

ငါလုပ်-ငါရဆိုယင် နိဗ္ဗာန်မရပါဘူး။ (မိုးကုတ်ဆရာတော်) စာအုပ်နံပါတ်(၁၄)။

(ဒိဋ္ဌိ)ဆိုတာ မဂ်တား - ဖိုလ်တား (သို့အတွက် ဒါန-သီလ-သမထ ဝိပဿနာလုပ်မှုသက်) ( ဒိဋ္ဌိ ) ဖြုတ်မှုကို ရှေ့ထားရပါမည်။

အထက်ပါ သာသနာ၏ အနှစ်တရားများကိုနားကြားလိုသူတိုင်း နီးစပ်ရာမိုးကုတ်ဓမ္မာရုံများသို့အချိန်မှီ ကြွရောက်ကြပါရန်နှိုးဆော်အပ်ပါသည်။

သတိ။ ။ ၁ ။ အမြဲမရှိသော ကိုယ်နှင့် မြဲသော နိဗ္ဗာန်ကို မလဲနိုင်ဘူးလား။

၂။ သူယုတ်မာသည် သူတော်ကောင်းကိုနိုင်၏၊ အကုသိုလ်ကို မနိုင်ချေ။

၃။ တရားသိမှ လောကဓံ၏ အတိုက်ကို ခံနိုင်ပေမည်။

(သံယုတ္တနိကာယ)

ခန္ဓဝဂ္ဂ-သဠာယတနဝဂ္ဂသံယုတ်ပါဠိတော်

(ဆပ္ပါဏကောပမသုတ်)

၁။ မြင်စိတ်ဆိုတာ မြွေပမာ ရှုပ်ရာအမှန် ကြိုက်လေသည်။

၂။ ကြားစိတ်ဆိုတာ မိကျောင်းပါ ရေဟာအမှန်ကြိုက်လေသည်။

၃။ နံစိတ်ဆိုတာ ငှက်ပမာ လွန်စွာ ကောင်းကင်ကြိုက်လေသည်။

၄။ စားစိတ်ဆိုတာ အိမ်ခွေးပါ စားရာအမှန် ကြိုက်လေသည်။

၅။ တွေ့ထိစိတ်ဟာ တောခွေးပါ အိပ်ယာအမှန် ကြိုက်လေသည်။

၆။ ကြံစိတ်ဆိုတာ မျောက်ပမာ ဆော့ရာအမှန် ကြိုက်လေသည်။

၇။ သားကောင်ခြောက်မည် ကြိုးကိုယ်စီ ဆွဲချည်တိုင်မှာ ထားရမည်။
၈။ သားကောင်ခြောက်မင်း တိုင်ခြေရင်း စင်းစင်းနေခါ သေရမည်။

(စိတ် ၆-ပါးရှုပုံ)

၁။ သားကောင်ပမာ စိတ်ခြောက်ဖြာ တိုင်မှာမြဲစွာထား ရမည်။
၂။ မြဲစွာထားလျှင် ယောဂီရှင် ရှုလျှင် မဂ်ဉာဏ်ပေါက် ရမည်။
၃။ မဂ်ဉာဏ်ပေါက်လျှင် နိဗ္ဗာန်မြင် လေးခွင် အပါယ် ပိတ်ပါပြီ။
၄။ သံယုတ်ကျမ်းလာ ဆဠပါဏာ ဗုဒ္ဓရှုရာဟောခဲ့ပြီ။

သာသနာရေး ဦးစီးဌာန သို့
အရှင်ကောဝိဒ မှ
လှူဒါန်း ပါသည်။